# Emergency crisis and support | အရေးပေါ် ပဋိပက္ခနှင့် အထောက်အပံ့

Victoria's Emergency, Crisis and Support Services respond to a broad range of serious situations.

ဗစ်တိုးရီးယားပြည်နယ်ရဲ့ အရေးပေါ်၊ ပဋိပက္ခအခက်အခဲနှင့် အထောက်အကူပြု ဝန်ဆောင်မှုတွေဟာ ကျယ်ပြန့်ပြီး မျိုးစုံတဲ့ အပြင်းအထန် ပြဿနာတွေကို ဖြေရှင်းပေးပါတယ်။

From medical emergencies, to personal and family crises, such as violence or abuse, or environment disasters, it's important to know who to turn to when you need help.

ဆေးဘက်ဆိုင်ရာ အရေးပေါ် ကိစ္စတွေကစပြီး ကိုယ်ရေးကိုယ်တာနှင့် မိသားစု ပဋိပက္ခအခက်အခဲတွေအထိ အဆုံး အကြမ်းဖက်မှု ဒါမှမဟုတ် မတော်မတရားပြုမှု၊ ဒါမှမဟုတ် ပတ်ဝန်းကျင် ဘေးဒဏ်တွေလို ပြဿနာတွေဖြစ်ပါတယ်၊ သင် အကူအညီ လိုအပ်သည့်အခါ ဘယ်သူ့ဆီသွားရမယ် ဆိုတာကိုသိဖို့ အရေးကြီးပါတယ်။

"We always want people to call whenever there's an emergency, or there's a situation that they are not sure about and they think that they need help or someone else needs help straight away.

"ကျွန်ုပ်တို့အနေနှင့် လူတွေကို ဖုန်း 000 ကိုအမြဲတမ်း ခေါ်စေချင်တယ်၊ အရေးပေါ်ကိစ္စဖြစ်တဲ့ အခါတိုင်း ဒါမှမဟုတ် သူတို့အနေနှင့် ဘာဖြစ်တယ် ဆိုတာကို အသေအချာ မသိတဲ့အခါမျိုးတိုင်း နှင့် သူတို့ အကူအညီလိုအပ်တယ်လို့ ထင်မြင်တဲ့ အခါတိုင်း ဒါမှမဟုတ် တစ်စုံတစ်ယောက်ဟာ အကူအညီကို ချက်ချင်း လိုအပ်သည့်အခါတိုင်း ခေါ်ဖို့ဖြစ်ပါတယ်။

If you're not sure if someone needs help straight away, it's better to be safe and to call us, but if you think it's something that can wait for later on in the day or to try and organise some other assistance, don't call 000 for those sorts of things.

အကယ်လို့ တစ်စုံတစ်ယောက်ဟာ အကူအညီကို ချက်ချင်း လိုအပ်တာ ဟုတ်မဟုတ် သင် မသေချာရင် ဘေးကင်းအောင် နေဖို့နှင့် ကျွန်ုပ်တို့ကို ခေါ်ဖို့ ပိုကောင်းပါတယ် သို့သော်လည်း အဲ့ဒီကိစ္စဟာ စောင့်ဆိုင်းနိုင်သေးတယ်လို့ သင် ထင်မြင်ရင်တော့ တစ်နေ့တာရဲ့ နောင်းပိုင်းအချိန်ထိ စောင့်ဆိုင်းနိုင်ရင် ဒါမှမဟုတ် တစ်ခြား အကူအညီ အချို့ကို ကြိုးစားပြီး စီစဉ်ဖို့ရှိရင် အဲ့ဒီကိစ္စတွေ အတွက်တော့ ဖုန်း 000 ကို မခေါ်ပါနှင့်။

People sometimes hesitate to call 000, because they are not sure if the situation qualifies as an emergency.

တစ်ခါတစ်ရံမှာ လူအချို့ဟာ ဖုန်း 000 ကိုခေါ်ဖို့ နှောင့်နှေးနေကြပါတယ်၊ ဘာလို့လဲဆိုတော့ သူတို့ဟာ မသေမချာဖြစ်နေတယ်၊ အခြေအနေဟာ အရေးပေါ် အခြေအနေ ဟုတ်မဟုတ်



The Victorian Health System © Copyright State of Victoria 2017

မသေချာဖြစ်နေပါတယ်။

However, the people who take your call are trained to help you, and will direct your call to the right service that can help you.

သို့သော်လည်း သင် ခေါ်တဲ့ဖုန်းကို ဖြေကြားတဲ့လူတွေဟာ သင့်ကို ကူညီဖို့ လေ့ကျင့်ခံထားရတဲ့လူတွေဖြစ်ကြပြီး သင့် ဖုန်းကို သင့်ကို ကူညီပေးနိုင်တဲ့ မှန်ကန်တဲ့ ဝန်ဆောင်မှုဌာနဆီ လွှဲပေးပါမယ်။

When people call 000, the first thing they're going to be asked is whether they want to speak to Police, Fire or Ambulance, so you need to know which service you need the help from.

လူတွေ ဖုန်း 000 ကိုခေါ်တဲ့အခါမှာ သူတို့ဟာ ပထမဦးဆုံး အမေးခံရတဲ့ အရာကတော့ သူတို့အနေနှင့် ရဲ၊ မီးသတ် ဒါမှမဟုတ် လူနာတင်ယာဉ်ကို စကားပြောဆိုလိုတာလား ဆိုတာဘဲဖြစ်ပါတယ်၊ ဒါကြောင့် သင့်အနေနှင့် ဘယ်လိုဟာကို သင် အကူအညီ ရယူလိုတယ်ဆိုတာ သိဖို့လိုပါတယ်။

Depending on which agency you speak to, they're going to ask you things like where are you located, how many people are involved, whether someone is conscious or breathing and those sorts of things.

ဘယ် အေဂျင်စီရုံးကို စကားပြောဆိုလိုတယ် ဆိုတဲ့အပေါ် မူတည်ပြီး သူတို့ဟာ သင့်ကို စကားနည်းနည်း မေးမြန်းပါမယ်၊ သင် ဘယ်နေရာမှာ ရှိနေတာလဲ၊ လူ ဘယ်နှစ်ယောက် ပါဝင်ပတ်သက်နေသလဲ၊ တစ်ယောက်ယောက် သတိမေ့မျောနေ မနေ ဒါမှမဟုတ် အသက်ရှူ မရှူ နှင့် အဲ့ဒါလိုမျိုး စကားတွေကိုဖြစ်ပါတယ်။

You need to have a good idea of where you are and what the problem is, to give to the operator."

သင့်အနေနှင့် သင် ဘယ်နေရာမှာ ရှိနေသလဲဆိုတာ သိရှိဖို့ လိုအပ်ပါတယ်၊ ဘယ်လို ပြဿနာဖြစ်ကြောင်း သိရှိဖို့လိုပါတယ်၊ ဖုန်းဖြေကြားသူကို ပြောပြဖို့ ဖြစ်တယ်။”

You can go to an emergency department of a hospital, if you or someone you are with, is experiencing a critical health issue.

သင်ဟာ ဆေးရုံ အပြင်လူနာဌာနဆီ သွားနိုင်တယ်၊ အကယ်လို့ သင် ဒါမှမဟုတ် သင်နှင့်အတူရှိနေသူ တစ်ယောက်ယောက် အသည်းအသန် ကျန်းမာရေး ပြဿနာကို ကြုံတွေ့နေရရင်ပေါ့။

For non-critical health issues, visit a GP, after-hours medical service, or call a phone advice line, such as NURSE-ON-CALL.

အသည်းအသန်-မဟုတ်တဲ့ ကျန်းမာရေး ပြဿနာတွေ အတွက် GP တစ်ဦးဆီ၊ ရုံးချိန်နောက်ပိုင်း ဆေးခန်းဆီ သွားပါ၊ ဒါမှမဟုတ် အဆင်သင့်စောင့်လျက်ရှိတဲ့ သူနာပြု NURSE-ON-CALL လို ဖုန်းအကြံပေးလိုင်းကို ခေါ်ပါ။



The Victorian Health System © Copyright State of Victoria 2017

So if when there's an emergency, sometimes you might not think that is an appropriate service to call.

ဒါကြောင့် အကယ်လို့ အရေးပေါ် အခြေအနေရှိတဲ့အခါ၊ တစ်ခါတစ်ရံမှာ သင်ဟာ ဖုန်း 000 ကို ဖုန်းခေါ်ဖို့ မသင့်မြတ်ဘူးလို့ ထင်ကောင်းထင်နိုင်ပါတယ်။

There are other agencies in the community that can give you a hand in your time of need.

လူမှုအသိုင်းအဝိုင်းမှာ တစ်ခြား အေဂျင်စီရုံးတွေ ရှိပါတယ်၊ အဲ့ဒီအေဂျင်စီရုံးတွေဟာ သင် လိုအပ်တဲ့အချိန်မှာ သင့်ကို ကူညီပေးနိုင်ပါတယ်။

There might be a local support agency, it might even be a counselling line that can give you the advice you want, Poisons Information Service, those sorts of things.  So if you have a look in your local phone guide or your community guides, you can get those phone numbers from there.

ဒေသခံ အထောက်အကူပြု အေဂျင်စီရုံး တစ်ရုံး ရှိကောင်းရှိနိုင်ပါတယ်၊ အဲ့ဒီရုံးဟာ ဆွေးနွေးအကြံပေးကုစားပေးတဲ့ဖုန်းလိုင်းဘဲ ဖြစ်နိုင်ပါတယ်၊ အဲ့ဒါဟာ သင် အလိုရှိတဲ့ အကြံဉာဏ်ကို ပေးနိုင်ပါတယ်၊ အဆိပ်အတောက် အချက်အလက် ဝန်ဆောင်မှုမျိုးလိုဟာတွေ ဖြစ်ပါတယ်။ ဒါကြောင့် အကယ်လို့ သင် သင့်ဒေသ ဖုန်းလမ်းညွှန်စာအုပ်ကို ကြည့်ရင် သင့်အနေနှင့် အဲ့ဒီလို ဖုန်းနံပါတ်တွေကို ရနိုင်ပါတယ်။

Victorian Personal and Family Crisis Services support you, if you are experiencing difficulties.

ဗစ်တိုးရီးယားပြည်နယ် ကိုယ်ရေးကိုယ်တာနှင့် မိသားစု ပဋိပက္ခ အခက်အခဲများဌာနဟာ သင့်ကို အထောက်အကူပေးပါတယ်၊ အကယ်လို့ သင် အခက်အခဲတွေကို ကြုံတွေ့နေရင် ဖြစ်ပါတယ်။

Support is provided for mental health issues, and alcohol and drug problems.

ပေးအပ်တဲ့ အထောက်အကူတွေဟာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာတွေ၊ နှင့် အရက်နှင့် မူးယစ်ဆေး ပြဿနာတွေ အတွက်ဖြစ်ပါတယ်။

If you are concerned about a vulnerable child or children, Child Protection Services are there to assist and respond.

အကယ်လို့ သင်ဟာ ထိခိုက်လွယ်တဲ့ ကလေး ဒါမှမဟုတ် ကလေးတွေ အတွက် စိုးရိမ်ပူပန်နေရင် ကူညီပေးဖို့နှင့် တုံ့ပြန်ဖြေရှင်းပေးဖို့ အတွက် ကလေး အကာအကွယ်ပေးရေး ဝန်ဆောင်မှုတွေ ရှိပါတယ်။

Sexual assault or family violence helplines and online support is available 24 hours a day.

လိင်ဆိုင်ရာ လက်ရောက်မှု အကူအညီဖုန်းလိုင်း ဒါမှမဟုတ် မိသားစု အကြမ်းဖက်မှု အကူအညီဖုန်းလိုင်း နှင့် အွန်လိုင်းအထောက်အပံ့ကို တစ်ရက် 24 နာရီ ရရှိနိုင်ပါတယ်။



The Victorian Health System © Copyright State of Victoria 2017

Calls are free.

ဖုန်းခေါ်မှုတွေဟာ အခမဲ့ဖြစ်ပါတယ်။

If you are under 25, there are counsellors who can communicate with you online or over the phone.

အကယ်လို့ သင်ဟာ အသက် 25 နှစ်အောက်ဖြစ်ရင် ဆွေးနွေးအကြံပေးကုစားပေးသူတွေ ရှိကြပြီး အဲ့ဒီလူတွေဟာ အွန်လိုင်းကတစ်ဆင့် ဒါမှမဟုတ် ဖုန်းကတစ်ဆင့် သင်နှင့် ဆက်သွယ်နိုင်ပါတယ်။

All conversations are private and confidential, so seek help or advice as soon as you need it.

ပြောဆိုတဲ့စကားတွေ အားလုံးကို သီးသန့်ထားပြီး လျှို့ဝှက်ထားပါတယ်၊ ဒါကြောင့် အကူအညီနှင့် အကြံဉာဏ်ကို သင် လိုအပ်သလို အမြန်ဆုံး တောင်းခံပါ။

For natural disasters, such as bush fires and floods, Victoria's Emergency Services work in a coordinated manner to respond as quickly as possible.

သဘာဝ ဘေးဒဏ်တွေဖြစ်တဲ့ တောမီးလောင်မှုတွေနှင့် ရေလွှမ်းမိုးမှုတွေ အတွက် ဗစ်တိုးရီးယားပြည်နယ်ရဲ့ အရေးပေါ် ဝန်ဆောင်မှုများဌာနဟာညှိနှိုင်းဆောင်ရွက်ပေးတဲ့ သဘောနှင့် လုပ်ကိုင်ပေးပါတယ် ဖြစ်နိုင်သမျှ အမြန်ဆုံး တုံ့ပြန်ဖြေရှင်းပေးဖို့ ဖြစ်ပါတယ်။

Emergency Management Victoria coordinates Victoria's response.

အရေးပေါ် စီမံခန့်ခွဲရေး ဗစ်တိုးရီးယား (Emergency Management Victoria) ဟာ ဗစ်တိုးရီးပြည်နယ်ရဲ့ ဖြေရှင်းပေးမှုကို တာဝန်ယူညှိနှိုင်းဆောင်ရွက် ပေးပါတယ်။

The Victoria State Emergency Services, SES, responds to natural emergencies caused by floods, storms, tsunamis and earthquakes.

ဗစ်တိုးရီးယားပြည်နယ် အရေးပေါ် ဝန်ဆောင်မှုများဌာန (Victoria State Emergency Services, SES) ဟာ သဘာဝ အရေးပေါ် ဘေးဒဏ်များကို တုံ့ပြန်ဖြေရှင်းပေးပါတယ်၊ရေလွှမ်းမိုးမှုတွေ၊ လေမုန်တိုင်းတွေ ဆူနာမီတွေနှင့် မြေငလျင်တွေကြောင့်ဖြစ်ပေါ်တဲ့ ဘေးဒဏ်တွေကို ဖြစ်ပါတယ်။

Call 132 500.

ဖုန်း 132 500 ကိုခေါ်ပါ။

The Victoria's Fire Authorities respond to fires.

ဗစ်တိုးရီးယားပြည်နယ် မီးသတ် အာဏာပိုင်တွေဟာ မီးလောင်မှုများကို တုံ့ပြန်ဖြေရှင်းပေးပါတယ်။

Call 000.

ဖုံးနံပါတ် 000 ကိုခေါ်ပါ။



The Victorian Health System © Copyright State of Victoria 2017

Examples of a chemical, biological or radiological emergency are chemical spills, viruses, bacteria or toxins, a medical radiation accident, or an accidental radioactive leak.

ဓါတုပစ္စည်းဆိုင်ရာ၊ ဇီဝဆိုင်ရာ ဒါမှမဟုတ် ရေဒီယိုဓါတ်ဆိုင်ရာ အရေးပေါ်အခြေအနေတွေရဲ့ ဥပမာ ဓါတုပစ္စည်း ဖိတ်ယိုမှုတွေ၊ဗိုင်းရတ်စ်ပိုးတွေ၊ ဘက်တီးရီးယား ဒါမှမဟုတ် အဆိပ်အတောက်တွေ၊ ဆေးဘက်ဆိုင်ရာ ဓါတ်ရောင်ခြည် မတော်တဆဖြစ်ရပ်၊ ဒါမှမဟုတ် ရေဒီယိုသတ္တိကြွတဲ့ မတော်တဆ ယိုစိမ့်မှုတွေ ဖြစ်ကြပါတယ်။

If you become aware of a chemical, biological or radiological emergency, call 000 immediately.

အကယ်လို့ သင်ဟာ ဓါတုဆိုင်ရာ၊ ဇီဝဆိုင်ရာ ဒါမှမဟုတ် ရေဒီယိုဓါတ်ဆိုင်ရာ အရေးပေါ် အခြေအနေရှိကြောင်း သိရှိလာရင် ချက်ချင်း ဖုန်း 000 ကိုခေါ်ပါ။

For more information, visit: BETTERHEALTH.vic.gov.au/emergency.

ပိုမိုသိရှိလိုတဲ့ အချက်အလက်တွေ အတွက်- BETTERHEALTH.vic.gov.au/emergency မှာကြည့်ရှုပါ။



The Victorian Health System © Copyright State of Victoria 2017